ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရုံးခွန်တံဆိပ်ခေါင်း ၃၀၀ကျပ် K 300

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၈ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၉

၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄ တွင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီ လ ၅ ရက်နေ့တွင် ချမှတ်သော မန္တလေးခရိုင်တရားရုံး၏စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှုတင်သွင်းခြင်း

| | | |
|---|---|---|
| ဦးမင်းထက် | နှင့် | ဒေါ်သိန်းသိန်းဦး |
| ( အယူခံတရားလို ) | | ( အယူခံတရားပြိုင် ) |

အယူခံတရားလို အတွက်။ ဦးကျော်စိုးမင်း၊တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက်။ ဦးစိုင်းထွန်းအောင်၊တရားလွှတ်တော်ရှေ့နေ

စီ ရင် ချက်

ရက်စွဲ၊၂၀၁၉ခုနှစ်၊စက်တင်ဘာလ ၄ ရက်

မန္တလေးခရိုင်တရားရုံး၊ ၂၀၁၆ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၄ အမှုတွင် အယူခံတရားပြိုင် ဒေါ်သိန်းသိန်းဦးက အယူခံတရားလို ဦးမင်းထက်အပေါ် ပျားရည်ဘိုးကျန်ငွေ ၅၇၂ ၄၄၁၅၅ ကျပ်(ငါးရာခုနှစ်ဆယ့်နှစ်သိန်းလေးသောင်းလေးထောင်တစ်ရာငါးဆယ့်ငါးကျပ်)တိတိ ရလိုမှုစွဲဆိုရာ မန္တလေးခရိုင်တရားရုံးက တရားလိုစွဲဆိုသည့်အတိုင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ခဲ့သည်။ အဆိုပါ ဒီကရီအပေါ် အယူခံတရားလို ဦးမင်းထက်က ကျေနပ်မှုမရှိသဖြင့် ဤတရားမပထမအယူခံမှုအားတင်သွင်းလာခဲ့ခြင်းဖြစ်သည်။

အဆိုလွှာတွင် မူလရုံးတရားလိုက တရားလိုနှင့်တရားပြိုင်တို့သည် ပျားရည်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြောင်း၊ တရားလိုက နယ်မှပျားရည်များမှာယူပြီး တရားပြိုင်ထံပို့ဆောင်ပေးရာ တရားပြိုင်က ချိန်တွယ်ပြီး ၃-၁၀-၂၀၁၅ ရက်နေ့မတိုင်မီအထိ ပျားရည်ဘိုးငွေများကို တရားလိုထံချက်ချင်းရှင်းပေးခဲ့ကြောင်း၊ ၃-၁၀-၂၀၁၅ နေ့မှ ၇-၁၀-၂၀၁၅ ရက်နေ့အထိ တရားလိုမှတရားပြိုင်ထံပေးပို့သောပျားရည်ဘိုးငွေများကို တရားပြိုင်က ရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ ၅-၁၀-၂၀၁၅ နေ့က ရိုးမဘဏ်မှတစ်ဆင့် ငွေသိန်း ၁၉၀ နှင့် ၄င်းနောက် (၁၀)သိန်းနှစ်ခါပေးခဲ့ပြီး ကျန်ငွေများကို တရားပြိုင်ကရှင်းပေးခြင်းမရှိသဖြင့် ၇-၁၀-၂၀၁၅ နေ့အထိ တရားပြိုင်က တရားလိုသို့ ပျားရည်ဘိုးပေးရန်ကျန်ငွေမှာ ၅၇၂၄၄၁၅၅ ကျပ်ဖြစ်ကြောင်း၊ စာရင်းရှင်းရေးသားပေးခဲ့ရာငွေကို နောက်နေ့မှရှင်းပေးမည်ဟုတရားပြိုင်ကပြောခဲ့သော်လည်း ရှင်းပေးခဲ့ခြင်းမရှိ အကြိမ်ကြိမ်သွားရောက်တောင်းခံ

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

၄ × × ×

ငွေသွင်းရာတွင် ရှောင်တိမ်းနေသဖြင့် မူလရုံးအမှုအားတရားစွဲဆိုရခြင်းဖြစ်ကြောင်း အဆိုပြုသည်။

မူလရုံးတရားပြိုင်က ချေလွှာတွင် တရားလိုက တရားပြိုင်ထံဖုန်းဖြင့်ဆက်သွယ်၍ပျားရည်လုပ်ငန်းရှင်တစ်ဦးဖြစ်ကြောင်းနှင့် ပျော်ဘွယ်မြို့မှထွက်သော ပျားရည်များကို ရောင်းချရန်ရှိကြောင်း ပြောပြီး ပျားရည်နမူနာများကိုတရားပြိုင်ထံလာရောက်ပြသခဲ့ကြောင်း၊ တရားလိုမှ ၁-၁၀-၂၀၁၅ နေ့တွင် ပြားရည် ၁၅ ပုံး၊ ၂၀-၁၀-၂၀၁၅ နေ့တွင်ပျားရည် ၉၈ ပုံး၊ ၃-၁၀-၂၀၁၅ နေ့တွင်ပြားရည် ၂၉၂ ပုံး၊ ၄-၁၀-၂၀၁၅ ရက်နေ့တွင် ပျားရည် ၆၄ ပုံး၊ တရားပြိုင်ထံပေးပို့ရောင်းချခဲ့ကြောင်း၊ တရားလိုမှာ ပျားမွေးမြူရေးလုပ်ငန်းရှင်မဟုတ်ဘဲ အခြားသူများပေးပို့သည့်ပြားရည်များကို တစ်ဆင့်ခံရောင်းချသူဖြစ်ကြောင်း၊ ၅-၁၀-၂၀၁၅ နေ့တွင်မှ တရားပြိုင်ကသိရှိခဲ့ကြောင်း၊ ၅-၁၀-၂၀၁၅ နေ့တွင်တရားလိုမှ ပျားရည် ၅၉၂ ပုံး ထပ်မံပေးပို့လာ၍ သံသယဝင်လာသဖြင့် တရားပြိုင်က ပြားရည် ၁ ပိဿာဝယ်ယူသည့်ဈေးနှုန်းကိုမဖော်ပြဘဲ တန်ဘိုးငွေ ၃၂၈၇၈၈၉၀ ကျပ်ဟုသာ ပြေစာတွင်ရေးသား၍ ငွေရှင်းမပေးခဲ့ကြောင်း၊ တရားပြိုင်က ပျားရည်များနှင့်ပတ်သက်၍ သံသယဝင်သဖြင့် မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးထံဆက်သွယ်၍အကူအညီတောင်းခဲ့ရာ ပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဌာနမှ မြို့နယ်ဦးစီးမှူးဦးတင့်လွင် တရားပြိုင်၏ဂိုဒေါင်သို့လာရောက်၍ ကြည့်ရှုစစ်ဆေးပြီး အတုများဖြစ်သည်ဟုပြောခဲ့ကြောင်း၊ တရားပြိုင်က တရားလိုပေးပို့သည့် ပျားရည်အတုများက နမူနာယူပြီး တရုတ်နိုင်ငံ ကျန်ဆူကျုံးဖူ စစ်ဆေးရေးကုမ္ပဏီလီမိတက်သို့ ပျားရည်နမူနာပေးပို့၍ ဓါတ်ခွဲစမ်းသပ်ခဲ့ရာ နမူနာပျားရည် များမှာ သကြားရည်ထည့်ထားသည်ဟုအကြောင်းပြန်လာသဖြင့် တရားလိုထံဖုန်းဖြင့်ဆက်သွယ်အသိပေးခဲ့ကြောင်း၊ထို့နောက် ပျားရည်လုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးရုံးတွင် တရားပြိုင်နှင့် တရားပြိုင်၏ညီ အားတီတို့ ညှိနှိုင်းဖြေရှင်းကြရာ တရားလိုက တစ်လလျှင်သိန်း ၆၀ ဘိုးခန့်ယူရောင်းပေးမည်ဟု ဝန်ခံပြောဆိုခဲ့ကြောင်း၊ ထို့သို့ဝန်ခံခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိ၍ တရားလိုနှင့် ၄င်းသမီးအား ပျားရည်အတု လိမ်လည်ရောင်းချမှုဖြင့် ပြည်ကြီးတံခွန်ရုံးတွင်အမှုဖွင့်ထားကြောင်း၊ သို့ဖြစ်၍ ၅-၁၀-၂၀၁၅ ရက်နေ့နှင့် ၇-၁၀-၂၀၁၅ ရက်နေ့များတွင် တရားလိုပေးပို့လာသည့် ပျားရည်များသည် အတုများဖြစ်သောကြောင့် ပြေစာပါအတိုင်း ငွေရှင်းပေးရန် အကြောင်း.မပေါ်ပေါက်ကြောင်း ချေပထားသည်။

မန္တလေးခရိုင်တရားရုံးက အဆိုလွှာ၊ချေလွှာ အရရုံးငြင်းချက်(၃)ရပ်ထုတ်ခဲ့ပြီး တရားလိုသည် တရားပြိုင်ထံမှ ပျားရည်ဖိုး ကျန်ငွေ(၅၇၂၄၄၁၅၅)ကျပ် ရရန်ရှိသည်မှာ မှန်ကြောင်း ငြင်းချက်(၁)ကို ဖြေကြားပြီးနောက် တရားပြိုင် ကိုမင်းထက်သည် တရားလို ဒေါ်သိန်းသိန်းဦး အား ပျားရည်ဖိုးကျန်ငွေ (၅၇၂၄၄၁၅၅)ကျပ်ကိုပြန်လည်ပေးဆပ်စေရန် စရိတ်နှင့်တကွအနိုင်ဒီဂရီ ချမှတ်ခဲ့သည်။

အယူခံတရားလို၏ရှေ့နေက တရားလို၏အဆိုလွှာအပိုဒ် ၆ တွင်ဖော်ပြချက်အရ တရားလိုပေးပို့ခဲ့သည့် ပျားရည်များအတွက် ပျားရည်ဖိုးငွေများကို တရားပြိုင်မှ ၃-၁၀-၂၀၁၅ နေ့မတိုင်မီအထိ လက်ငင်းရှင်းပေးသည်ကိုပေါ်ပေါက်ကြောင်း၊ ၃-၁၀-၂၀၁၅ နေ့မှ ၇-၁၀-၂၀၁၅ နေ့အထိ မည်သည့်နေ့တွင်ပျားရည်ဘယ်နှစ်ပုံး ဘယ်နှစ်ပိဿာ တရားပြိုင်ထံပေးပို့ခဲ့ပါသည်ဟုဖော်ပြထားခြင်းမရှိ၊ ရုံးရှေ့တွင်လည်း ထွက်ဆိုထားခြင်းမရှိကြောင်း၊

မိတ္တူမှန်

မိတ္တူကူးစာရေး

၃-၁၀-၂၀၁၅ နေ့တွင် ပေးပို့ခဲ့သော ပျားရည် ၂၈၂ ပုံးနှင့် ၄-၁၀-၂၀၁၅ နေ့တွင်ပေးပို့သော ပျားရည် ၆၄ ပုံးအတွက် ၅-၁၀-၂၀၁၅ နေ့တွင် ဘဏ်မှငွေကျပ်သိန်း ၁၉၀ နှင့် တရားလို၏ သမီးအားငွေ ၁၀သိန်းနှစ်ခါ စုစုပေါင်းငွေကျပ်သိန်း ၂၁၀ ကို တရားပြိုင်က တရားလိုထံပေး ချေခဲ့ပြီးဖြစ်ကြောင်း၊ ၅-၁၀-၂၀၁၅ နေ့တွင် တရားလိုက ပျားရည် ၅၂ ပုံးပို့ခဲ့ရာ ဘောင်ချာ ဖွင့်ပြီး ငွေမရှင်းပေးခြင်းမှာ ပျားရည်များရက်ဆက်ပေးပို့သည့်အတွက် သံသယဝင်၍ ငွေ မရှင်းပေးခဲ့ခြင်းသာဖြစ်ကြောင်း၊ တရားပြိုင်က ပျားရည်စစ် မစစ် စစ်ဆေးပေးရန် ပေးပို့ သည့်စာအရ ပျော်ဘွယ်မြို့နယ် ပျားလုပ်ငန်းဦးစီးဌာနမှဦးစီးအရာရှိ ဦးတင့်လွင်မှ တရားပြိုင် ၏ဂိုဒေါင်သို့ရောက်လာပြီး တရားလိုတို့သားအမိနှစ်ဦးရှေ့တွင်စစ်ဆေးခဲ့ရာ အတုများဖြစ် သည်ကို တွေ့ရှိရကြောင်း၊ ဦးတင့်လွင်ကိုယ်တိုင်ရုံးရှေ့အစစ်ခံခဲ့ပြီး၊ မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနသို့ တင်ပြခဲ့သည့် ၁၀-၁၀-၂၀၁၅ ရက်စွဲပါစာကိုလည်း သက် သေခံ(၆)အဖြစ်တင်သွင်းခဲ့ကြောင်း၊ တရားပြိုင်က တရားလိုပေးပို့သည့်ပျားရည်များနမူနာ ထုတ်ပြီး တရုတ်နိုင်ငံ၊ စီချမ်တိုင်း၊ ကျန်ဆူကျုံဖူ ဓါတ်ခွဲခန်းသို့ပေးပို့စစ်ဆေးရာ သကြား ဓါတ်များပြီး အတုဖြစ်သည်ဟုပြန်ကြားခဲ့ကြောင်း၊ တရားပြိုင်က တရားလိုအား ပျားရည် အတုများလိမ်လည်ရောင်းချသဖြင့် ပြည်ကြီးတံခွန်ရုံးတွင်အမှုဖွဲ့ဆိုထားပြီး ပြည်ကြီးတံခွန် ရဲစခန်းမှလည်း တရားလိုအပေါ် အမျိုးသားအစားအသောက်နှင့်ဆေးဝါးဥပဒေပုဒ်မ ၂၈/၁ အရ အမှုဖွင့်ထားကြောင်း၊ မန္တလေးသတင်းစာတွင် ကြေငြာခဲ့သည့်သတင်းစာကိုလည်း သက်သေခံ(၁)အဖြစ်တင်ပြထားကြောင်း၊ ၅-၁၀-၂၀၁၅ နေ့နှင့် ၇-၁၀-၂၀၁၅ နေ့တွင် တရားလိုပေးပို့ထားသည့် ပျားရည်များ တရားပြိုင်ဂိုဒေါင်တွင် ယခုအချိန်ထိရှိနေကြောင်း၊ သို့ဖြစ်၍ တရားလိုပေးပို့သည့်ပျားရည်များသည် အတုများဖြစ်ကြောင်း ထင်ရှားပေါ်ပေါက် နေပါလျက် မူလရုံးကအဆိုပါအချက်ကို လျစ်လျူ ရှုပြီး တရားပြိုင်သည် တရားလိုအား ပျား ရည်ဖိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ပြန်လည်ပေးဆပ်စေရန်ချမှတ်ခဲ့သည့်စီရင်ချက်နှင့်ဒီကရီ သည် မှားယွင်းနေပါသဖြင့် အယူခံမှုကိုခွင့်ပြု၍ အဆိုပါစီရင်ချက်နှင့်ဒီကရီအားပယ်ဖျက်ပြီး မူလရုံးတရားလိုစွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့် တကွ ပလပ်ပေးပါရန် လျှောက် ထားတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက မူလရုံးတရားလိုသည် ပျားရည်အရောင်း အဝယ်လုပ်ငန်းနှင့် ပျားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်ခြင်းဖြစ်ပြီး မူလရုံးတရားပြိုင်သည် ပျား ရည်များကိုဝယ်ယူပြီး နိုင်ငံခြားသို့တင်ပို့ရောင်းချသည့်လုပ်ငန်းကိုလုပ်ကိုင်ခြင်းဖြစ်ကြောင်း၊ မူလရုံးတရားလိုသည် ဦးမြင့်ဝေ၏လိုက်ထရပ်ကားဖြင့် ၂၄-၉-၂၀၁၅ နေ့မှ ၇-၁၀-၂၀၁၅ နေ့ အထိ ပျားရည်များကို မူလရုံးတရားပြိုင်ထံ ရောင်းချခဲ့ရာ ၂-၁၀-၂၀၁၅ ရက်နေ့အထိ ပျား ရည်ဖိုးများရှင်းပေးခဲ့သော်လည်း ၃-၁၀-၂၀၁၅ နေ့မှ ၇-၁၀-၂၀၁၅ နေ့အထိ ပျားရည်ဖိုးများ ကို ရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ ၅-၁၀-၂၀၁၅ နေ့တွင် ငွေကျပ်သိန်း ၂၁၀ ရှင်းပေးခဲ့ပြီး ၇-၁၀-၂၀၁၅ နေ့တွင် မူလရုံးတရားလိုမှပျားရည်ဖိုးများစာရင်းရှင်းရာတွင် စုစုပေါင်းငွေ ကျပ်မှာ ၇၈၂၄၄၁၅၅ ကျပ်ဖြစ်ပြီး ၊ ၅-၁၀-၂၀၁၅ နေ့ကပေးချေခဲ့သော သိန်း ၂၁၀ အားနုတ် ပါက မူလရုံးတရားပြိုင်ထံမှ မူလရုံးတရားလိုက ပျားရည်ဖိုးကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ် ရရန် ကျန်ရှိကြောင်း၊ အမှုတွဲတွင်ပေါ်ပေါက်လျက်ရှိကြောင်း၊ မူလရုံးတရားလိုပေးပို့သောပျားရည်

မှန်ကန်ကြောင်းမိတ္တူမှန်

၂၃ × ၈၈



မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

များကို မူလရုံးတရားပြိုင်က စစ်ဆေးစမ်းသပ်ပြီး ကြိုက်နှစ်သက်မှလက်ခံဝယ်ယူ ကြောင်းလည်း ပြန်လှန်စစ်မေးချက်အရပေါ်ပေါက်ကြောင်း၊ တရားပြိုင်က ပျားရည်များအတုဖြစ်နေ၍ ငွေမရှင်းပေးခဲ့ကြောင်း ထုချေခဲ့သော်လည်း ပျားရည်အတုဖြစ်ကြောင်း စမ်းသပ်ပေးသည်ဆိုသည့် ဦးတင့်လွင်သည် ပျားရည်များကို အတုအစစ်ခွဲခြားပေးနိုင်သည့် ကျွမ်းကျင်ပညာရှင် တစ်ဦးမဟုတ်ကြောင်း၊ တရုတ်နိုင်ငံရှိဓါတ်ခွဲခန်းသို့ပေးပို့စစ်ဆေးခဲ့ရာ အတုများဖြစ်ကြောင်း ပြန်ကြားလာသည်ဆိုသော်လည်း ဓါတ်ခွဲစမ်းသပ်ခဲ့သည့် အထောက်အထားတစ်စုံတစ်ရာမှတင်ပြနိုင်ခြင်းမရှိသည့်အပြင် ဓါတ်ခွဲစမ်းသပ်သည်ဆိုသောပညာရှင်ကိုလည်း သက်သေအဖြစ်တင်ပြနိုင်ခြင်းမရှိကြောင်း မူလရုံးတရားပြိုင်သည် မူလရုံးတရားလိုတစ်ဦးတည်းထံမှ ပျားရည်များဝယ်ယူခဲ့ခြင်းမဟုတ်ဘဲ ပျားလုပ်ငန်းလုပ်ကိုင်သည့် အခြားသူများအများအပြားထံမှလည်း ဝယ်ယူခဲ့ကြောင်း မူလရုံးတွင်ထွက်ဆိုထားကြောင်း၊ ပျားရည်အတုအစစ်စစ်ဆေးသူ ဦးတင့်လွင်ကိုယ်တိုင်ကပင် ၎င်းစစ်ဆေးသောပျားရည်များမှာ မူလရုံးတရားလို၏ ပျားရည်များဖြစ်ကြောင်း ခိုင်မာစွာထွက်ဆိုထားခြင်းမရှိကြောင်း၊ မူလရုံးတရားလိုမှ ပျားရည်ပုံးများ ပြန်လည်ပေးအပ်ခဲ့ခြင်းမရှိ၍ ပြည်ကြီးတံခွန်ရဲစခန်း၌ မူလရုံးတရားပြိုင်အား အမှုဖွင့်ခဲ့ပြီး ယုံမှားသံသယမကြီးမှုကို ဖွင့်လှစ်ပြီးနောက်မှ မူလရုံးတရားပြိုင်တို့က ပျားရည်အတုများလိမ်လည်ရောင်းချခဲ့သည်ဟု ဦးတိုက်လျှောက်ထားတိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မူလရုံးတရားလိုအပါအဝင် ၃ ဦးကို အမျိုးသားအစားအသောက်ပုဒ်မ ၂၈ ဖြင့် ရဲအုပ်စိန်လင်းထိုက်မှ တရားလိုလုပ်၍ ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတွင်အမှုဖွင့်တိုင်တန်းခဲ့ကြောင်း၊ မူလရုံးတရားပြိုင်တို့မှပျားရည်အတုဖြစ်ကြောင်းပြသနိုင်ခြင်းမရှိသဖြင့် မူလရုံးတရားလိုနှင့် မူလရုံးတရားပြိုင်တို့နှစ်ဦးသဘောတူညီစွာ စာရင်းရှင်းလင်းထားသော သက်သေခံ(က)ပြေစာတွင်ဖော်ပြချက်အရ ပျားရည်ဖိုး ကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ကိုပေးဆပ်စေရန် ချမှတ်ခဲ့သော မူလရုံး၏အမိန့်မှာ မှန်ကန်နေသဖြင့် အယူခံမှုအား ပလပ်ပေးပါရန် လျှောက်ထား တင်ပြသည်။

မူလရုံးအမှုတွဲရှိ သက်သေခံချက်များအား စီစစ်ရာတွင် တရားပြိုင်သည် တရားလိုပေးပို့ရောင်းချသော ပျားရည်များကို(၂၀-၉-၂၀၁၅)နေ့မှ စတင်ဝယ်ယူခဲ့ရာ ၃-၁၀-၂၀၁၅ ရက်နေ့မတိုင်မီအထိ တရားလိုပေးပို့ရောင်းချသော ပျားရည်ဘိုးငွေများကို တရားပြိုင်က ချက်ချင်းရှင်းပေးခဲ့ကြောင်း၊ ၃-၁၀-၂၀၁၅ နေ့မှ ၇-၁၀-၂၀၁၅ ရက်နေ့အထိ တရားလိုပေးပို့ရောင်းချသော ပျားရည်များနှင့်စပ်လျဉ်း၍ ဘောင်ချာဖွင့်၍ လက်ခံရယူခဲ့သော်လည်းငွေရှင်းပေးခဲ့ခြင်းမရှိကြောင်း၊ (၅-၁၀-၂၀၁၅)နေ့တွင် တရားပြိုင်က တရားလို၏ သမီးအမည်ဖြင့် ငွေကျပ်သိန်း ၁၉၀ လွှဲပေးခဲ့ပြီး၊ ထိုနေ့တွင်ပင် ငွေကျပ် ၁၀ သိန်းစီ(၂)ကြိမ် တရားပြိုင်က တရားလိုကို ပေးခဲ့ကြောင်း၊ (၇-၁၀-၂၀၁၅)နေ့တွင် တရားလိုပေးပို့ရောင်းချသည့် ပျားရည်ဘိုးကို စာရင်းရှင်းရာ စုစုပေါင်း ပျားရည်ဘိုးငွေမှာ ၇၈၂၄၄၁၅၅ ကျပ်ဖြစ်သည့်အတွက် (၅-၁၀-၂၀၁၅)နေ့က တရားပြိုင်က တရားလိုကိုပေးခဲ့သောငွေကျပ်သိန်း ၂၁၀ ကို နုတ်သည့်အခါ ပျားရည်ဘိုးပေးရန် ကျန်ငွေသည် ၅၇၂၄၄၁၅၅ကျပ် ဖြစ်ကြောင်း၊ စာရင်းရှင်းခြင်းနှင့်ပါတ်သက်၍ တရားပြိုင်က သက်သေခံ(က)ဘောင်ချာဖြင့် ရှင်းပေးခဲ့သော်လည်း

တာဝန်ခံမိတ္တူမှန်

မိတ္တူကူးစာရေး

စာရင်းအရ ပျားရည်ဘိုး ကျန်ငွေကိုပေးခဲ့ခြင်း မရှိကြောင်း အငြင်းမပွားပေါ်ပေါက် နေသည်ကို တွေ့ရသည်။

တရားပြိုင်ဘက်က သက်သေခံ(က)ဘောင်ချာအရ ပျားရည်ဘိုးကျန်ငွေသည် ၅၇၂၄၄၁၅၅ ကျပ်ဖြစ်ပြီး၊ ဘောင်ချာနှင့် စာရင်းရှင်းပြီး၊ ငွေရှင်းမပေးခဲ့ဆိုသည့်အချက်ကို ငြင်းဆိုခြင်း မရှိသော်လည်း၊ ထိုသို့ငွေရှင်းမပေးခြင်းသည် တရားလိုပေးပို့ရောင်းချသည့် ပျားရည်များအတုဖြစ်နေ၍ ရှင်းမပေးခြင်းဖြစ်သည်ဟု ချေပထားသည်။

နှစ်ဖက်အငြင်းမပွားပေါ်ပေါက်သည့်သက်သေခံချက်၊ သက်သေခံ(က)ဘောင်ချာပါ ဖော်ပြချက်တို့အရ တရားပြိုင်က တရားလိုသို့ ပျားရည်ဘိုးကျန်ငွေကို စာရင်းရှင်းပေးခဲ့သော်လည်း ငွေရှင်းမပေးခဲ့ကြောင်း ထင်ရှားပေါ်ပေါက်နေသည့်အခြေအနေတွင် တရားပြိုင်ဘက်က ပျားရည်များအတုဖြစ်နေ၍ ရှင်းမပေးခြင်းဖြစ်ကြောင်း သက်သေထင်ရှားပြရန် တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၂ အရ တရားပြိုင်ဘက်တာဝန်ရှိသည်မှာ မြင်သာပေသည်။

တရားပြိုင်ဘက် သက်သေထင်ရှားတင်ပြမှုအား စိစစ်ရာ (တရားပြိုင်၏ကိုယ်စားလှယ်စာရသူ) ဦးရန်ရှင်းဟုန်(ခ)အားတီက (၅-၁၀-၂၀၁၅)ရက်နေ့နှင့် (၇-၁၀-၂၀၁၅) ရက်နေ့တို့တွင် တရားလိုပေးပို့ရောင်းချသော ပျားရည်များကို သံသယရှိ၍ ဘောင်ချာဖွင့်ပေးသော်လည်း ငွေရှင်းမပေးခဲ့ကြောင်း၊ တရားပြိုင်က ပျားလုပ်ငန်းဦးစီးဌာနသို့ အကြောင်းကြား၍ပျားရည်စစ်မစစ် စစ်ဆေးပေးရန်အကြောင်းကြားရာပျော်ဘွယ်မြို့နယ်၊ ပျားလုပ်ငန်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင့်လွင်(ပြိုင်ပြ-၃)မှ ဂိုဒေါင်သို့လာစစ်ပေးခဲ့ကြောင်း၊ ဦးတင့်လွင်က ပျားရည်များစစ်ဆေးပြီး တင်လဲ့ရည်အနံ နံခြင်း၊ ချဉ်သောအရသာရှိခြင်းကြောင့် သံသယဖြစ်ဖွယ် ပျားရည်အတုများဖြစ်သည်ဟုပြောခဲ့ကြောင်း၊ တရားပြိုင်က ပျားရည်နမူနာယူပြီး၊ တရုတ်နိုင်ငံ ကျန်ဆူကျုံးဖူ စစ်ဆေးရေးကုမ္ပဏီလီမိတက်သို့ပေးပို့ စစ်ဆေးရာ နမူနာပျားရည်မှာ သကြားခါတ်၊ သကြားရည်ထည့်ထားသည်ဟု အကြောင်းပြန်ခဲ့ကြောင်းထွက်ဆို၍ ဦးတင့်လွင်(ပြိုင်ပြ-၃)အား သက်သေအဖြစ်တင်ပြ၍ ဦးတင့်လွင်မှ မန္တလေးတိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာနသို့ တင်ပြသည့်စာကို သက်သေခံ(ဖ)အဖြစ်တင်ပြခဲ့သည်ကို တွေ့ရသည်။တရုတ်နိုင်ငံသို့ပေးပို့စစ်ဆေးခဲ့သည်ဆိုသော်လည်း သက်သေခံချက်၊ အထောက်အထားတင်ပြခဲ့သည်ကို မတွေ့ရပေ။

သို့ဖြစ်ရာ တရားလိုပေးပို့ရောင်းချသော ပျားရည်များအတုဖြစ်သည်ဆိုသည့်အချက်ကို ဦးတင့်လွင်(ပြိုင်ပြ-၃)၏စစ်ဆေးမှုအပေါ် အားကိုးအားထားပြု၍ တရားပြိုင်ဘက်ကချေပနေခြင်းဖြစ်သည်မှာ မြင်သာပေသည်။

ဦးတင့်လွင်(ပြိုင်ပြ-၃)က တိုင်းဦးစီးမှူးဗိုလ်ကြီးဝင်းအောင်မှနုတ်ဖြင့် တာဝန်ပေးချက်အရ တရားပြိုင်၏ ပျားရည်သိုလှောင်သည့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ဂိုဒေါင်သို့သွားရောက်၍ ပျားရည်ကို လက်ညှိုးနှင့် ကော်၍ လျှာပေါ်တင်ပြီး အရသာခံရာ လျှာပေါ်တွင်ခဲနေပြီး၊ တင်လဲ့ရည်အနံထွက်နေသည်ကို စမ်းသပ်တွေ့ရကြောင်း၊ သို့ဖြစ်၍ တိုင်းဦးစီးမှူးထံ စမ်းသပ်တွေ့ရှိချက်ကို သက်သေခံ(ဖ)စာဖြင့် တင်ပြခဲ့ကြောင်း ထွက်ဆိုထားသည်။

တာဝန်ခံမိတ္တူမှန်
မြို့နယ်ရုံးစာရေး
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

မိတ္တူကူးစာရေး

ပြန်လှန်စစ်ဆေးရာတွင် အစားအသောက်များကို အတုအစစ် အရည်အသွေးမှန်၊ မမှန်စစ်ဆေးခြင်းသည် မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲမှုဌာနမှသာ လုပ်ပိုင်ခွင့်ရှိသည်ဆိုလျှင် မှန်ကြောင်း၊ စမ်းသပ်စစ်ဆေးခဲ့သည့် ပျားရည်များကို တရားလိုကိုယ်တိုင် ၎င်းပစ္စည်းဖြစ်ကြောင်း တာဝန်ခံ၍ အပ်ပေးခဲ့ခြင်း မရှိဆိုလျှင်မှန်ကြောင်း၊ စစ်ဆေးပေးသော ပျားရည်များမှာ တရားပြိုင် ဂိုဒေါင်၌ရှိသော ပျားရည်များဖြစ်သည်ဆိုလျှင် မှန်ကြောင်း ဖြေကြားထွက်ဆိုသည်။

၎င်းတင်ပြသော သက်သေခံ(ဖ)စာတွင် တင်လဲ့ရည်အနံ နံခြင်း၊ ချဉ်သော အရသာရှိခြင်းတို့ကြောင့် သံသယဖြစ်ဖွယ် ပျားရည်များဖြစ်သည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ အစားအသောက်များ အတုအစစ် အရည်အသွေးမှန်၊ မမှန်စစ်ဆေးခြင်းကို တရားဝင်လုပ်ပိုင်ခွင့် မရှိသူ ဦးတင့်လွင်(ပြိုင်ပြ-၃)ကစမ်းသပ်စစ်ဆေးတွေ့ရှိချက်အရ သံသယဖြစ်ဖွယ်ရှိသည်ဆိုသည့် သက်သေခံချက်တစ်ခုတည်းဖြင့် တရားလိုက တရားပြိုင်ထံပေးပို့ရောင်းချခဲ့သည်ဆိုသော ပျားရည်များမှ အတုဖြစ်သည်ဟုကောက်ယူနိုင်ရန် သက်သေခံချက်လုံလောက်မှု ရှိသည်ဟု ဆိုနိုင်မည်မဟုတ်သဖြင့် တရားပြိုင်ဘက်ချေပချက် မှန်ကန်သည်ဟု တစ်ထစ်ချကောက်ယူနိုင်မည် မဟုတ်ပေ။

အထက်ပါအတိုင်း ပေါ်ပေါက်နေသည့်အခြေအနေတွင် နစ်ဖက်အငြင်းမပွားပေါ်ပေါက်သည့် သက်သေခံ(က) ဘောင်ချာအရ တရားလိုက တရားပြိုင်ထံပေးပို့ရောင်းချသော ပျားရည်ဖိုးငွေ ကျန်ငွေ ၅၇၂၄၄၁၅၅ ကျပ်ကို တရားပြိုင်က တရားလိုကိုရှင်းပေးခဲ့ခြင်း မရှိသေးကြောင်း အထင်အရှားပေါ်ပေါက်နေသဖြင့် မူလရုံးက တရားလို တောင်းဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာ ပေါ်ပေါက်ချက်အရလည်းကောင်း၊ မှားယွင်းသည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ သို့ဖြစ်ရာ မူလရုံး၏ စီရင်ချက်နှင့်ဒီကရီအပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်း မပေါ်ပေါက်ပေ။

ထို့ကြောင့် ဤတရားမပထမအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၅၀၀၀ သတ်မှတ်သည်။

(ပုံ) × × ×

( ဒေါ်လှမြင့် )

တရားသူကြီး

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

မှန်ကန်ကြောင်း မိတ္တူမှန်

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်